THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

---

## မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင်

## ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမေရိကန် ဒေါ်လာသန်း လေးရာ ရရှိမည်

**ဝါရှင်တန် ဒီစီ၊ ၂၀၁၅ ခုနှစ် ဖွန်လ ၃၀** — မြန်မာနိုင်ငံ ကျေးလက်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေး ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ လမ်းတံတားနှင့် သောက်သုံးရေ ရရှိရေး လုပ်ငန်းများကို ပြုပြင်မွမ်းမံရန်နှင့် အသစ် တည်ဆောက်နိုင်ရန် ကူညီလျက်ရှိသည့် အမျိုးသားအဆင့် လူထု ဗဟိုပြု စီမံကိန်း တိုးချဲ့ရန် အတွက် အမေရိကန် ဒေါ်လာ သန်း ၄၀၀ ထပ်မံ ပေးအပ်သွားရန် ကမ္ဘာ့ဘဏ်၏ အမှုဆောင် ဒါရိုက်တာ အဖွဲ့က ယနေ့တွင် အတည်ပြု လိုက်ပါသည်။

မြန်မာနိုင်ငံအစိုးရသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်သည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေနှင့် အီတလီနိုင်ငံ အစိုးရ၏ ပူးတွဲ ပံ့ပိုးသည့် ဘဏ္ဍာရေး အကူအညီဖြင့် လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ရာ တစ်နိုင်ငံလုံးရှိ မြို့နယ် စုစုပေါင်း ၆၂ မြို့နယ်ရှိ လူဦးရေ ခုနစ်သန်းခန့်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံ အဆောက်အဦများနှင့် လူမှုရေး ဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်သည်။

လူထုဗဟိုပြု စီမံကိန်းသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာ၏ အဓိက အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ယခု ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် လူထု ဗဟိုပြု စီမံကိန်း (National Community Driven Development) သည် ပြည်သူကို ဗဟိုပြု ဆောင်ရွက်သည့် မြန်မာနိုင်ငံအစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ပံ့ပိုး ကူညီ လျက်ရှိသည်။ ဖွံ့ဖြိုးမှု နောက်ကျပြီး ပြည်သူ့ ဝန်ဆောင်မှုများကို ခေတ်အဆက်ဆက် မရခဲ့သည့် ဆင်းရဲနွမ်းပါးသော ကျေးလက်နေ ပြည်သူများအတွက် အဓိက ရည်ရွယ်ထားပါသည်။

ဖွံ့ဖြိုးရေး ရန်ပုံငွေများကို ကျေးလက်နေ ပြည်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်ရန် စွမ်းဆောင်ရည် မြှင့်တင်ပေးလျက် ရှိသည့် ယခု စီမံကိန်းကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်မှု ရလဒ်များကို စတင် မြင်တွေ့နေရပြီ ဖြစ်သည်။ ကျေးလက်နေ ပြည်သူများသည် မိမိတို့ရပ်ရွာတွင် လိုအပ်လျက်ရှိသည့် အခြေခံ အဆောက်အဦနှင့် လူမှုရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေး ရွေးချယ် ဆောင်ရွက်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခွင့် ရရှိလာခဲ့ကြကာ စာသင်ကျောင်း အဆောက်အဦးများ၊ ကျန်းမာရေး ဆေးပေးခန်းများ၊ ရေရရှိရေး စနစ်များ၊ လမ်းတံတားနှင့် လှေဆိပ်များ စသည်တို့ကို တိုးချဲ့ ပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယခု လက်ရှိ စီမံကိန်း၏ လုပ်ငန်း လည်ပတ်မှု ဒုတိယ အဆင့်တွင် စီမံကိန်း လုပ်ငန်းငယ်ပေါင်း တစ်ထောင်ကျော် ဆောင်ရွက်သွားရန် လာမည့် လအနည်းငယ်အတွင်း ကျေးလက်ပြည်သူများကိုယ်တိုင် မိမိတို့ ရပ်ရွာအတွက် သင့်လျော်မည့် လုပ်ငန်းများကို ရွေးချယ်သွားမည်ဖြစ်ပြီး လုပ်ငန်းအလိုက် လိုအပ်သည့် ဒီဇိုင်းပုံစံများကို တိုင်ပင်ဆွေးနွေးကာ အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

"မြန်မာနိုင်ငံရှိ ကျေးလက်နေ ပြည်သူလူထုအတွက် ဝန်ဆောင်မှုတွေ ပိုမို ရရှိနိုင်အောင် တိုးချဲ့ဆောင်ရွက်ပေးနိုင်မှာ ဖြစ်တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ယခု ထပ်မံပေးအပ်တဲ့ ရန်ပုံငွေက ကျေးလက်ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများ တိုးတက် ကောင်းမွန်လာအောင် ကူညီပေးနိုင်မှာ ဖြစ်တယ်။ ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေတွေကို ကိုယ်တိုင် ကိုယ်ကျ စီမံခန့်ခွဲနိုင်အောင် တာဝန်ပေးအပ်ခြင်းဖြင့် ကျေးလက်နေပြည်သူတွေကို စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်

မြှင့်တင်ပေးရာရောက်မှာ ဖြစ်တယ်။” ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် အတွေ့အကြုံများအရလည်းကောင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အာဖဂန်နစ္စတန် နိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ လည်းကောင်း လူထု ဗဟိုပြု စီမံကိန်းသည် အောက်ခြေအဆင့် ရပ်ရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တိုးချဲ့ ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။

“ယနေ့အထိ လူထုဗဟိုပြု စီမံကိန်းက စီမံကိန်းလုပ်ငန်းငယ်ပေါင်း ၃၅၀ ကျော်ကို ဝေးလံခေါင်ဖျားတဲ့ ကျေးလက် ဒေသအချို့မှာ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူတွေရဲ့ ဘဝ တိုးတက်ဖို့ ကူညီနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မြို့နယ် ကိုးမြို့နယ်မှာ ရှိတဲ့ ကျေးရွာပေါင်း တစ်ထောင့်ခုနစ်ရာအတွက် ရေရရှိရေး၊ စာသင်ကျောင်း၊ လုံခြုံကောင်းမွန်တဲ့ လမ်းတံတား စတာတွေကို တည်ဆောက်သွားနိုင်ဖို့ ကူညီလျက်ရှိပြီး ထပ်မံ ပေးအပ်တဲ့ ရန်ပုံငွေနဲ့ စုစုပေါင်း မြို့နယ် ၆၂ မြို့နယ်အထိ တိုးချဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။” ဟု ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ulrich Zachau က ပြောသည်။

**ဆက်သွယ်ရန်:**

***ရန်ကုန်:*** Meriem Gray mgray@worldbank.org***;*** ဦးကျော်စိုးလင်း, klynn@worldbank.org ၀၉-၂၀၃၁၁၅၉
***ဝါရှင်တန် ဒီစီ :*** *Carl Hanlon, chanlon@worldbank.org, (202) 473-8087*

www.worldbank.org/myanmar
www.facebook.com/WorldBankMyanmar
www.twitter.com/WorldBankAsia